**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်နှင့်အညီ အတည်ပြုပြီးသော The 1st Mandalay International Gems and Jewellery fair (Jan 15th to 19th 2019) ကျောက်မျက်ပြပွဲအတွင်း အခွန်ကိစ္စနှင့်ပတ်သက်၍ ကျောက်မျက် ရတနာကုန်သည်များမှ ကျောက်မျက်အလွတ်များ၊ ကျောက်မျက်လက်ဝတ်ရတနာ အချောထည်များ ရောင်းချရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ မန္တလေးရတနာမောလ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများသည် ခွင့်ပြုမိန့် ( သို့မဟုတ် ) လိုင်စင်တစ်မျိုးမျိုးရယူထားသူများ ( သို့မဟုတ် ) ကျောက်မျက်လုပ်ငန်းရှင်အသင်း ဝင်ရောက်ထားသူများ ( သို့မဟုတ် ) ရတနာမောလ်ကျောက်မျက်လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေး အသင်းဝင်ရောက်ထားသူများကိုသာ ဆိုင်ခန်းချထားပေးမည်ဖြစ်ပါသဖြင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးထားသော သက်ဆိုင်ရာရတနာဆိုင်များ၏ အရောင်းပြေစာ (Cash Memo)များဖြင့်သာ ရောင်းချရပါမည်။

၂။ ပြပွဲအတွင်းရောင်းချသည့် ကျောက်မျက်အချောထည်အလွတ် ( Loose Stone )များ ၊ ကျောက်မျက်ပုံဆောင်ခဲ ( Crystal )များကို ကြီးကြပ်ရေးအဖွဲ့ထံပြသပြီး ဈေးနှုန်းအတည်ပြုချက် ရယူ၍ မိမိဆိုင်မှထုတ်ယူထားသည့် အရောင်းပြေစာ (Cash Memo)တွင် ရေးသွင်း၍ အရောင်း ပြေစာ၏နောက်ကျောတွင် ပြပွဲအမည်၊ ကြီးကြပ်ရေးအဖွဲ့၏တံဆိပ်တုံး၊ ကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်( အကောက်ခွန်ဦးစီးဌာန )တို့မှ တံဆိပ်ရိုက်လက်မှတ်ရေးထိုးပေး၍ ပြည်ပသို့ထုတ်ဆောင် ရပါမည်။

၃။ ရတနာဆိုင်လိုင်စင်ရယူပြီး အရောင်းပြေစာ ( Cash Memo ) ထုတ်ယူထားခြင်းမရှိသူများ၊ ခွင့်ပြုမိန့်ဖြင့် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူများသည် ရောင်းချရသည့် ရတနာပစ္စည်းများကို ကြီးကြပ်ရေး အဖွဲ့ထံပြသပြီး ရောင်းဈေးနှုန်း အတည်ပြုချက်ရယူကာ ကြီးကြပ်ရေးအဖွဲ့ အရောင်းပြေစာ ( Cash Memo )ဖြင့် ရောင်းချရပါမည်။

၄။ ကျောက်မျက်ရတနာရိုင်းများကို နိုင်ငံခြားငွေဖြင့် ရောင်းချ၍ ပြည်ပသို့ထုတ်ဆောင်ခြင်း ခွင့်မပြုပါ။ ပြည်တွင်းရတနာကုန်သည် အချင်းချင်း ရောင်းချခြင်းကိုသာ ခွင့်ပြုပေးမည့်ဖြစ်ပြီး ပြည်တွင်းအခွန်အကောက်ဥပဒေအရ မြန်မာကျပ်ငွေဖြင့်ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန် (၁၀%)၊ ကုန်သွယ်လုပ်ငန်းခွန် (၅%)ပေးဆောင်ရပါမည်။ ကျောက်မျက်ရတနာရိုင်းများ၊ ကျောက်မျက် ပုံဆောင်ခဲများ ပြည်တွင်းရောင်းချခြင်းအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သို့ ဝန်ဆောင်ခပေးဆောင်ရန်မလိုပါ။

၅။ ပတ္တမြား ၊ နီလာ ပုံဆောင်ခဲများမှအပ ကျန်ကျောက်မျက်များ၏ပုံဆောင်ခဲ( Loose Stone Crystal )များကို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းအတွက် ပြည်ပသို့ ထုတ်ဆောင်နိုင်ပြီး အထူးကုန်စည်ခွန်(၁၀%)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဝန်ဆောင်ခ(၃%) ပေးဆောင်ရပါမည်။ ကျောက်မျက်အချောထည်အလွတ်( Loose Stone )များနှင့် ကျောက်မျက်လက်ဝတ်ရတနာများကို ပြည်ပသို့နိုင်ငံခြားသုံးငွေဖြင့်ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန်(၅%)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဝန်ဆောင်ခ( ၁%)ပေးဆောင်ရပါမည်။

၆။ မြန်မာကျပ်ငွေဖြင့်ဝယ်ယူသည့် ပြည်တွင်းဝယ်ယူသူများအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏မြန်မာကျပ်ငွေ အရောင်းပြေစာ( Myanmar Cash Memo )ဖြင့်သာ ရောင်းချရပါမည်။

၇။ မြန်မာကျပ်ငွေအရောင်းပြေစာစာအုပ်များကို မန္တလေးရတနာမောလ် ကျောက်မျက်လုပ်ငန်းရှင်များပြပွဲဗဟိုကော်မတီမှ သတ်မှတ်တန်ဖိုးအတိုင်း တစ်စုတစ်စည်းတည်းထုတ်ယူပြီး ပြပွဲလာရောက်ရောင်းချသည့် ရတနာဆိုင်များသို့ ခွဲဝေထုတ်ပေးသွားမည် ဖြစ်ပါသည်။

၈။ ပြပွဲပြီးဆုံးသည့်အခါ ထုတ်ယူထားသည့် မြန်မာကျပ်ငွေ အရောင်းပြေစာစာအုပ်နှင့်အတူ အသုံးပြုပြီးသည့် အရောင်းပြေစာအရေအတွက် ၊ ရောင်းချရသည့် ရတနာပစ္စည်းအမျိုးအစားနှင့် အရေအတွက် ၊ ရောင်းချတန်ဖိုး ၊ ပေးဆောင်ရမည့်အခွန်အခတို့ကို စာရင်းဇယားပြုလုပ်၍ မန္တလေးရတနာမောလ် ကျောက်မျက်လုပ်ငန်းရှင်များပြပွဲကော်မတီသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။ အပ်နှံလာသည့် မြန်မာကျပ်ငွေအရောင်းပြေစာစာအုပ်များကို မန္တလေးရတနာမောလ် ကျောက်မျက်လုပ်ငန်းရှင်များ ပြပွဲကော်မတီမှထိန်းသိမ်းထားရှိမည် ဖြစ်ပါသည်။

၉။ ကျောက်မျက်အချောထည်အလွတ်( Loose Stone )များကို နိုင်ငံခြားငွေဖြင့် ရောင်းချပါက သတ်မှတ်ထားသည့် အခွန်အခများ ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ဝန်ဆောင်ခအပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ( ၁% )နှင့်မန္တလေးရတနာမောလ် ကျောက်မျက်လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ( ၄% )ကို ရောင်းချသူမှ ပေးဆောင်ရပါမည်။

၁၀။ Semi - Precious Crystal နှင့်ကျောက်မျက်လက်ဝတ်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချပါက သတ်မှတ်ထားသည့်အခွန်အခများ ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ဝန်ဆောင်ခအပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွံ့ဖြိုးရေးအတွက် ( ၁% )နှင့် မန္တလေးရတနာမောလ် ကျောက်မျက်လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ( ၁%)ကို ရောင်းချသူမှ ပေးဆောင်ရပါမည်။

၁၁။ မြန်မာကျပ်ငွေဖြင့် ရောင်းချခြင်းအတွက် ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ သတ်မှတ်ထားသည့် အခွန်အခများသာပေးဆောင်ရမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဝန်ဆောင်ခ ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၊ မန္တလေးရတနာမောလ် ကျောက်မျက်လုပ်ငန်းရှင်များဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတို့ကို ပေးဆောင်ရန်မလိုပါ။

၁၂။ ပြပွဲအချိန်ကာလအတွင်း ကျောက်မျက်ရတနာကုန်သည်များသည် မိမိတို့ရောင်းချထားသော ပြေစာစာရွက်အပေါ်တွင် ပြပွဲအမည် ၊ ရက်စွဲကို ရေးသွင်း၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် ပြပွဲဖြစ်မြောက်ရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်ထားရှိသည့် ကောင်တာတွင် တံဆိပ်တုံး လာရောက်ရိုက်နှိပ်ရပါမည်။

၁၃။ ပြပွဲပြီးဆုံးသည့်အခါ ကျောက်မျက်ရတနာကုန်သည်များသည် ကျသင့်သောအခွန်အခများကို သက်ဆိုင်ရာအခွန်ဦးစီးဌာနသို့ ( ၁၀ )ရက်အတွင်း သွားရောက်၍ အခွန်ထမ်းဆောင်ရမည်။ အခွန်ထမ်းဆောင်ပြီးကြောင်း မိတ္တူစာရွက်ကို မန္တလေးရတနာမောလ်သို့ ( ၁ )ပတ်အတွင်းလာရောက်ပေးဆောင်ရမည်။

၁၄။ ငွေလက်ငင်းပေးချေမှုစနစ်တွင် ငွေကြေးအရှုပ်အရှင်းများအား ရောင်းသူ / ဝယ်သူနှစ်ဦးမှ တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး လိုအပ်ပါက ကော်မတီမှ ထောက်ခံကူညီပေးမည်ဖြစ်ပါသည်။

၁၅။ ပြပွဲအချိန်ကာလအတွင်း ငွေပေးချေမှုများအား ပြပွဲအတွက် သီးသန့်စီစဉ်ထားရှိသည့် CB Bank ၏ POS စက်များကိုသာ အသုံးပြုရမည်ဖြစ်ပြီး လက်ရှိဆိုင်တွင် အသုံးပြုနေသည့် POS စက်များကို လုံးဝ ( လုံးဝ ) မသုံးစွဲဘဲ ယာယီသိမ်းဆည်းထားရမည်။

၁၆။ အထက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များကို ရောင်းသူ / ဝယ်သူနှစ်ဦးစလုံး တိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မရှင်းလင်းသည့် အချက်များရှိပါက ပြပွဲဖြစ်မြောက်ရေးကော်မတီသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။